# မြောက်လက်ကုန်းကျေးရွာ
# ရွာင်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၆-၂၀၃၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
မြောက်လက်ကုန်းကျေးရွာ
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၂၆ခုနှစ်

မြောက်လက်ကုန်းကျေးရွာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **ကျေးရွာသယံဇာတပြမြေပုံ** | |
| ၁ | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | |
| ၂ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | |
| ၃ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | |
| ၄ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ)မွေးမြူရေးလုပ်ငန်း | |
| | (ဂ)ငါးလုပ်ငန်း | |
| | (ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | |
| | (က)ကျေးလက်သယ်ယူကပို့ဆောင်ရေး | |
| | (ခ)ကျေးရွာမီးလင်းရေး | |
| | (ဂ)သတင်းနှင့် ဆက်သွယ်ရေး | |
| ၆ | **ပညာရေး** | |
| ၇ | **ကျန်းမာရေး** | |
| ၈ | **ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | |
| ၁၀ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက် | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၆/၂၀၂၇ဘဏ္ဍာရေးနှစ် မှ ၂၀၃၀/၂၀၃၁ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူအများ ပါဝင် ရေးဆွဲသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူး ပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်းလူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှု တို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များ ကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီ အစဉ်များ၊

ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မ အဆင့်ဆင့် တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မေလ၊ ၂၀၂၆ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
မြောက်လက်ကုန်းကျေးရွာ
ရွာငံမြို့နယ်




ရည်ညွှန်းချက်
ဘုရား
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
အိမ်
သစ်ပင်
တောင်
ကျောက်လမ်း
Transformer
ရေတွင်း
မီးတိုင်
၂၆.၅.၂၀၂၆

မြောက်လက်ကျွန်း ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| စဉ် | အမည် | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဂျူလိုင် | ဩဂုတ် | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | သောက်သုံးရေ | | | | | | | | | | | | |
| ၃။ | စိုက်ပျိုးရေး | | | | | | | | | | | | |
| ၄။ | ပိုးမွှား ကျရောက်မှု | | | | | | | | | | | | |
| ၅။ | မွေးမြူရေး | | | | | | | | | | | | |
| ၆။ | ကျန်းမာရေး | | | | | | | | | | | | |
| ၇။ | ကျပန်း | | | | | | | | | | | | |
| ၈။ | ဝင်ငွေ | | | | | | | | | | | | |
| ၉။ | ပွဲတော်များ | | | | | | | | | | | | |
| ၁၀။ | သဘာဝဘေး | | | | | | | | | | | | |

မြောက်လက်ကျွန်း ကျေးရွာ အဖွဲ့အစည်း ချိတ်ဆက်မှု မြေပုံ



၁။တည်နေရာ၊ရာသီဥတု၊မြေမျက်နှာသွင်ပြင်အနေအထား

မြောက်လက်ကုန်းကျေးရွာသည် ရှားမြို့နယ် အလယ်ချောင်ကျေးရွာအုပ်စုတွင် ပါဝင်သည်။ ကျေးရွာသည် ရွှာင်မြို့နှင့်(၁၂)မိုင်ခန့် ကွာဝေးပါသည်။ တောင်ကြီး၊အောင်ပန်း၊ရှာင်၊မန္တလေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး အိမ်ထောင်စုဦးရေ (၁၅၀)စု လူဦးရေ(၅၂၀)ဦး ရှိပါသည်။ ဘုန်းကြီးကျောင်း (၁) ကျောင်း၊ မူလတန်းလွန်ကျောင်း (၁)ကျောင်း ရှိပါသည်။ ကျေးရွာ၏ အနီးဆုံးဈေးမှာ ငါးရက်တစ်ကြိမ်ရောင်းချသော မြိုင်ဈေး သို့ သွားရောက်ဈေးသုံးကြ ပါသည်။

မြောက်လက်ကုန်းကျေးရွာ၏အရှေ့ဘက်တွင် လူးကျေးရွာ၊ မြောက်ဘက်တွင် ဖြူချောင်ကျေးရွာ၊ တောင်ဘက်တွင် အလယ်ချောင်ကျေးရွာ၊ အနောက်မြောက်ဘက်တွင် မြေနီကုန်းကျေးရွာ၊ အနောက်ဘက်တွင် ပြည်ထောင်စုလမ်းမကြီး တည်ရှိပါသည်။ ကျေးရွာ၏ ရာသီဥတုသည် မိုးများပြီး စိုစွတ်သော ရာသီဥတုဖြစ်သည်။

၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

မြောက်လက်ကုန်းကျေးရွာသည် အအေးပိုင်းဒေသတွင်တည်ရှိပြီး ရာသီဥတု ကောင်းမွန်ပါသည်။ သို့ရာတွင်သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြန်တတ်ပါသည်။ သဘာဝအရင်း အမြစ်များ အနေဖြင့် သစ်တောအနည်းငယ်ရှိ၍ သစ်တောပြုန်းတီးမှုများရှိပါသည်။ အနီးတဝိုက်တွင် သဘာဝပေါက်ပင်များ ပေါက်ရောက်တတ်သော်လည်း အတွေ့ရများသော အပင်များသာ ဖြစ်ပါသည်။ ကျေးရွာလူထုအတွက် ထင်း၊ဝါး၊ဆေးဖက်ဝင်အပင်များရရှိသည်။ စားကျက်မြေသီးသန့်မရှိဘဲ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှု နည်းပါးသွားပြီဖြစ်သည်။ ဆေးဖက်ဝင်အပင်များမှာ ပေါ များစွာရှိပါသည်။

၃။ ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအခြေအနေ

**မြောက်လက်ကုန်း**ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၇၀)စုနှင့် ကျား(၁၉၉)၊ မ(၃၂၁)ဦး ဖြင့် လူဦးရေ ပေါင်း (၅၂၀)ဦး ရှိပါသည်။ ကျေးရွာတွင် ဓနုလူမျိုးများနေထိုင်ကြပြီး ၊ဗမာလူမျိုးအနည်းငယ်လည်း နေထိုင်ပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ် (၆၀%) ရှိပါသည်။ အမျိုးသားများနည်းတူ အမျိုးသမီးများလည်း လုပ်ကိုင်နိုင်သည့် အလုပ်များကို ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး လုပ်ငန်းများ အတွက် အားတက်သရောပါဝင်ဆောင်ရွက် ကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မြောက်လက်ကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ခန့်မှန်းခြေ(၁၇၀)ကေနီးပါးရှိပါ သည်။အဓိကအားဖြင့် ပဲစင်းငုံ၊ ပြောင်း၊ စပါး၊ ခရမ်းချဉ်သီး၊ မုန့်ညှင်း၊ လက်ဖက်၊ မြေပဲ နှင့် ထောက်ပတ်သီး တို့ကို စိုက်ပျိုးကြပါသည်။ ဆင်းရဲသား အိမ်ထောင်စုများသည် နေ့စားကျပန်းနှင့် ရာသီအလိုက် လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင် ကြပါသည်။

စီးပွားရေးအနေဖြင့် သင့်တင့်မျှသည်ဟု ဆိုနိုင်သော်လည်း စိုက်ပျိုးရေးကို အခြေခံသော ကျေးရွာဖြစ်သည့်အတွက် သီးနှံဈေးကွက်ပေါ်မူတည်ပါသည်။ ဆန်စပါးနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုး၍မရပါသဖြင့် ဝယ်ယူစားသောက်ရပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေသြဇာကို အသုံးပြုပါသည်။ သီးနှံများကို ရောဂါကျရောက်တတ်ခြင်း၊ကျောက်တောင်များ ပေါ်များနေခြင်းကြောင့် စိုက်ပျိုးမြေများမတိုးချဲ့နိုင်ပါ။ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာမှာ စိုက်ပျိုးရေး ဓါတုမြေသြဇာ အသုံးပြုမှုနည်းခြင်း၊ ဈေးကွက် ခက်ခဲခြင်းတို့ ဖြစ်ပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

**မြောက်လက်ကုန်း**ကျေးရွာတွင် နွားမွေးမြူထားသော အိမ်ထောင်စု (၁၆)စု ရှိပြီး၊ နွားကောင်ရေ (၅၂)ကောင်၊ ကျွဲကောင် ရေ(၄၉)ကောင်၊ ဝက်မွေးမြူထားသော အိမ်ထောင်စု(၈၀)စု ရှိပြီး ဝက်ကောင်ရေ(၁၈၀)ကောင်ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပြီး ဝက်ကိုစုဗူးအဖြစ် မွေးမြူကြသည်။ တောင်တန်းဒေသဖြစ်သည့်အတွက် နွားများကို အသုံးပြု၍ မရသဖြင့် စုဗူးအဖြစ်သာ မွေးမြူကြရ ပါသည်။

မြောက်လက်ကုန်းကျေးရွာတွင် စားကျက်မြေနည်းပါးသောကြောင့် မွေးမြူရေးလုပ်ကိုင် ရန် ခက်ခဲပါသည်။ နွားများအတွက်သောက်သုံးရေ အသင့်အတင့်ရှိပါသည်။ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်မတွက် အခက်အခဲပြဿနာမှာ မွေးမြူနိုင်ရဂန် စားကျက်မြေလုံလောက်မှုမရှိခြင်း ၊ တိရိစ္ဆာန်ရောဂါ ကျရောက် မှုနှင့် ပတ်သက်၍ နည်းပညာ ဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ် မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

**(ဂ) ငါးလုပ်ငန်း**

မြောက်လက်ကုန်းကျေးရွာသည် တောင်ပေါ်တွင် တည်ရှိသောကြောင့် ငါးလုပ်ငန်းများ ဆောင်ရွက်မှု မရှိပါ။

**(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ**

မြောက်လက်ကုန်းကျေးရွာတွင် အိမ်ထောင်စုများသည် မိမိတို့ကိုယ်ပိုင် **မြေကွက်များတွင် စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများ၊နေ့စားအငှားလိုက် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပါသည်။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အားရှိခြင်း ဈေးကွက်အသင့်ရှိပါ သည်။ ကျေးရွာတွင်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြခြင်း ဈေးကွက်လေ့လာနိုင်ခြင်း၊ အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်ရန် စိတ်ဝင်စားသူ အများအပြားရှိပါသည်။**

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

မြောက်လက်ကုန်းကျေးရွာတွင် ဘဏ်နှင့် ငွေကြေးဆောင်ရွက်ခြင်းဆိုင်ရာ **ဝန်ဆောင်မှုများ မရှိပါ။**

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

မြောက်လက်ကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးနှင့် သွားလာရလွယ်ကူရေး အတွက် မော်တော်ဆိုင်ကယ်များကို အဓိကထားအသုံးပြုကြသည်။ လမ်းပန်းဆက်သွယ်ရေး

အခက်အခဲကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း နှေးကွေးလျက်ရှိသည်။ သို့ရာတွင်အချို့ အိမ်ထောင်စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများဖြစ်နေရပါသည်။

မြောက်လက်ကုန်းကျေးရွာလမ်းမှာ မြေသားလမ်းများသာဖြစ်ပြီး မိုးရာသီကာလတွင် သွားလာရ အလွန်ခက်ခဲပါသည်။ မြို့ဈေးသို့ ကုန်စည်တင်ပို့သည့်လမ်းမှာ အလွန်မတ်စောက်သဖြင့် ကား ၊ ထော်လာဂျီ ရှိရာသို့ရောက်ရှိရန် မော်တော်ဆိုင်ကယ်၊ခြေလျှင်ဖြင့် ခက်ခက်ခဲခဲသွားလာရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

မြောက်လက်ကုန်းကျေးရွာတွင် လျှပ်စစ်မီးရရှိပါသည်။ ဆိုလာမီးများ အသုံးပြုကြသူများလည်း ရှိပါသည်။ ကျေးရွာ၏အိမ်ထောင်စုများမှာ ချက်ပြုတ်ရေးအတွက် လျှပ်စစ်မီးအပြင် ထင်းမီးများကိုလည်း အသုံးပြုကြသူများ များပြားသဖြင့် နှစ်စဉ်နှစ်တိုင်း ထင်းခုတ်သူ များပြားခြင်းကြောင့် သစ်တောများပြုန်းတီးလာနေပြီ ဖြစ်ပါသည်။ ရာသီဥတုများ ဆိုးဆိုးရွားရွား ဖောက်ပြန်လာမည်ကို စိုးရိမ်ရပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မြောက်လက်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၄၀၀)လုံး ၊ရေဒီယို (၃၀)လုံးတို့မှ ရရှိပါသည်။ ကျေးရွာတွင် ဖုန်းလိုင်းများရရှိသော်လည်း အင်တာနက်လိုင်းများ အတွက်မှာလည်း အခက်အခဲများရှိပါသည်။

၆။ ပညာရေး

မြောက်လက်ကုန်းကျေးရွာတွင် မူလတန်းပညာရေးအဆင့်သာ သင်ကြားရပြီး ပဉ္စမတန်းမှ အထက်တန်းအထိ ပညာရေးကိုအ.ထ.ကမြို့အထိ ခြေလျင်(၁)နာရီကြာအောင် သွားရောက်၍သင်ယူရပါသည်။ လက်ရှိအချိန်တွင်ပညာရေးကို ဦးစားပေးလေ့လာကြသော်လည်း ယခင်အချိန်က ပညာရေး စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့် စာမတတ်သူနှင့်မူလတန်းပညာသာ တတ်မြောက်ကြပါသည်။ အထက်တန်း တက္ကသိုလ် ပညာတတ်မြောက်သူ အနည်းငယ်ရှိပါသည်။ ကျောင်းအဆောက်အဦ မှာ နှစ်အတော်ကြာပြီဖြစ်၍ မိုးယိုစိမ့်မှု ရှိပါသည်။ ကျောင်းအုတ်တံတိုင်းကာရံထားခြင်း မရှိသည့်အတွက် နွားများလွယ်ကူစွာ ဝင်ရောက်မှုကြောင့် လုံခြုံမှုမရှိခြင်းများ ဖြစ်ပေါ်ပါသည်။ ကျောင်းသား/သူများ ပညာရေးကို စိတ်ဝင်စားစေရန်အတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန်လည်းလိုအပ်နေပါသည်။ ကျောင်းပရိဘောဂများ အားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု အားနည်းနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

မြောက်လက်ကုန်းကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုကို ကျေးရွာနှင့် (၆)မိုင်ကွာဝေးသည့် မြို့တိုက်နယ်ဆေးရုံတွင် ရရှိနိုင်ပါသည်။ရွာသူ/သားများ ကြီးကြီးမားမားရောဂါဖြစ်ပွားပါက ကျေးရွာနှင့် (၁၂)မိုင် ကွာဝေးသော ရှာငံမြို့နယ်ဆေးရုံသို့ သွားရောက်ကြပါသည်။

ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် နှောင့်နှေးမှု မရှိစေရေးအတွက် ဆေးပေးခန်း ရရှိရန် ကျေးရွာသူ/သားများ လိုလားနေကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် လိုအပ်နေပါသည်။

**မြောက်လက်ကုန်း**ကျေးရွာတွင်သောက်သုံးရန်အတွက် စိမ့်စမ်းရေ/မိုးရေလှောင်ကန်များကိုအသုံးပြုကြပါသည်။ ချက်ပြုတ်၊လျှော်ဖွတ်ရန် အတွက် မိုးရေလှောင်ကန်ဖြင့် လှောင်ထားရခြင်း စိမ့်စမ်းရေများ ကိုယ်စား အသုံးပြုကြပါသည်။

**မြောက်လက်ကုန်း**ကျေးရွာတွင် ရွာလုံးကျွတ် ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။ ကျန်းမာရေး အတွက် ကြိုတင်ကာကွယ်သောအနေဖြင့် ကျေးရွာလူထုအား ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိနေကြပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

**မြောက်လက်ကုန်း**ကျေးရွာတွင် ယခုလက်ရှိ အချိန်ထိ သဘာဝဘေးအန္တရာယ်ကြီးမားစွာ ကျရောက်မှု မရှိပါ။ သို့သော်လည်း တောင်တန်းဒေသဖြစ်သဖြင့် လေတိုက်မှုအန္တရာယ်ကို စိုးရိမ်နေရပါသည်။ ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကာကွယ်ရန်နည်းလမ်းများလည်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲများလုပ်ပေးရန် လိုအပ်နေပါသည်။ သို့မှသာလျှင် ကျေးရွာသူ/သားများ အနေဖြင့် ကောင်းကျိုး/ဆိုးကျိုးများခွဲခြားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

## ၉။ ကျား–မရေးရာကိစ္စရပ်ဆိုင်ရာ

**မြောက်လက်ကုန်း**ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေ နှင့် အမျိုးသားဦးရေမှာတန်းတူညီမျှမှုရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများတွင် အမျိုးသမီးများ ပါဝင်လာမှုရှိလာပါသည်။ သာရေးနာရေးလုပ်ငန်းများတွင်လည်း အမျိုးသား/အမျိုးသမီးများ၏ စိတ်ဓါတ်စွမ်းရည်ကို မြှင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး/ လူမှုရေး/ အုပ်ချုပ်ရေး စသည့်တို့တွင် ပါဝင်လာစေရန်အတွက် ပညာရေး ဟောပြောပွဲများ ပြုလုပ်၍ အမျိုးသား/အမျိုးသမီးများ ပါဝင်အောင်စည်းရုံးလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၁၀။ မြောက်လက်ကုန်းကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည်– အလယ်ချောင်ကျေးရွာအုပ်စု ကျေးရွာအမည်–မြောက်လက်ကုန်းကျေးရွာ

| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့် လုပ်ငန်းစဉ်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ရေရရှိရေး | သန့်ရှင်းသော သောက်သုံးရေ | ရေပိုက်လိုင်းသွယ်တန်းခြင်း | |
| ၂။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | **ကျေးလက်သယ်ယူပို့ဆောင်ရေး** | အရှည်၄၅၀၀ပေရှိ ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းခင်းခြင်း | |
| ၃။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | **ကျေးလက်သယ်ယူပို့ဆောင်ရေး** | အရှည်၁မိုင်ရှိ မြောက်လက်ကုန်းကျေးရွာ နှင့် ဖြူချောင်းကျေးရွာတို့အား ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကျောက်ချောလမ်း ခင်းခြင်း | |
| ၄။ | ပညာရေး | ကျောင်းပြင်ပပညာရေး | ကျောင်းအုတ်တံတိုင်းကာရံခြင်း | |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | **အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်း** | ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း | |
| ၆။ | ကျန်းမာရေး | **အခြေခံ အဆောက်အအုံ တည်ဆောက်ခြင်း** | ကျေးရွာတွင်း ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း | |

| | | | | |
|---|---|---|---|---|
| ၇ | သင်တန်း | အသက်မွေးဝမ်းကျောင်း အထောက်အကူပြု | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းတက်ရောက်လိုခြင်း | |
| ၈ | ငွေကြေး | အရင်းအနှီး မတည်ခြင်း | မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိလိုခြင်း | |

**မြောက်လက်ကုန်းကျေးရွာ** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များစာရင်း နောက်ဆက်တွဲ(၁)

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးစိန်ဝင်း | ဥက္ကဌ | ၁၃/ရငန(နိုင်)၀၃၇၇၂၆ | ၀၉၇၇၄၆၈၉၆၁၀ | |
| ၂။ | ဒေါ်ဆုမွန်ထွေး | အတွင်းရေးမှူး | ၁၃/ရငန(နိုင်)၀၆၅၄၃၀ | ၀၉၇၇၇၄၅၀၃၆၉ | |
| ၃။ | ဦးကံလှ | ဝယ်/ဆပ်ကော်မတီ ဥက္ကဌ | ၁၃/ရငန(နိုင်)၀၂၀၃၁၁ | ၀၉၇၈၂၆၄၄၆၃၃ | |
| ၄။ | ဦးခင်နိုင်ဦး | ဝယ်/ဆပ်ကော်မတီ ဘဏ္ဍာရေးမှူး | ၁၃/ရငန(နိုင်)၀၅၄၅၉၇ | ၀၉၄၅၅၄၅၉၂၇၈ | |
| ၅။ | ဒေါ်လှဌေး | ဝယ်/ဆပ်ကော်မတီ စာရင်းကိုင် | ၁၃/ရငန(နိုင်)၀၄၅၆၃၅ | ၀၉၇၅၄၀၉၄၉၃၈ | |
| ၆။ | ဦးကျော်သူ | အဖွဲ့ဝင် | ၉/ဝတန(နိုင်)၁၄၄၄၇၇ | ၀၉၆၀၆၁၀၆၂၅ | |
| ၇။ | ဒေါ်ဂျူးဂျူးခိုင် | အဖွဲ့ဝင် | ၁၃/ရငန(နိုင်)၀၆၀၁၃၄ | ၀၉၇၆၃၆၂၇၉၆၅ | |

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(**မြောက်လက်ကုန်း**ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်း သောက်သုံးရေ ဖူလုံမှု မရှိခြင်း | ကျေးရွာသို့ သွယ်တန်းထားသော ရေပိုက်လိုင်းများပျက်စီးခြင်း | လုပ်အားစိုက်ထုတ်နိုင်ခြင်း | ငွေကြေး မလုံလောက်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ရေပိုက်လိုင်းသွယ်တန်းခြင်း |
| ၂။ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာရန် ခက်ခဲခြင်း | လုပ်အားစိုက်ထုတ်နိုင်ခြင်း | ငွေကြေး မလုံလောက်ခြင်း | ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာတွင်းလမ်း ကျောက်ချောလမ်းခင်းခြင်း |
| ၃။ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | မြေသားလမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာရန် ခက်ခဲခြင်း | လုပ်အားစိုက်ထုတ်နိုင်ခြင်း | ငွေကြေး မလုံလောက်ခြင်း | ကျေးလက်လမ်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | မြောက်လက်ကုန်းကျေးရွာ နှင့် ဖြူချောင်းကျေးရွာတို့အား ဆက်သွယ်ထားသော ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း |
| ၄။ | ကျောင်းဝန်းအုတ်တံတိုင်းများမရှိခြင်း | ကျောင်းဝန်းအုတ်တံတိုင်းများမရှိခြင်း | လုပ်အားစိုက်ထုတ်နိုင်ခြင်း | ငွေကြေး မလုံလောက်ခြင်း | ပညာရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျောင်းဝန်းအုတ်တံတိုင်းကာရံခြင်း |
| ၅။ | ကျေးလက်ဆေးပေးခန်း မရှိခြင်း | ကျေးလက်ဆေးပေးခန်း မရှိခြင်း | လုပ်အားစိုက်ထုတ် | ငွေကြေး မလုံလောက်ခြင်း | ကျန်းမာရေးဝန်ကြီးဌာနနှင့် ချိတ် ဆက်ဆောင်ရွက်ခြင်း | ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | နိုင်ခြင်း | | | |
| ၆။ | ကျေးရွာတွင် ကျေးရွာသုံး၊ အများသုံး အဆောက်အဦ မရှိခြင်း | ကျေးရွာတွင်း ကာကွယ်ဆေးထိုးနှံခြင်း နှင့် လူထုအစည်းအဝေး များပြုလုပ်ရာတွင် နေရာ အခက်အခဲဖြစ်ခြင်း | လုပ်အား စိုက်ထုတ် နိုင်ခြင်း | ငွေကြေး မလုံ လောက်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ကျေးရွာဘက်စုံသုံး ခန်းမ ဆောင် တည် ဆောက်ခြင်း |
| ၇ | အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်မှု မရှိခြင်း | စိုက်ပျိုးနှင့်မွေးမြူရေး အပြင်အမျိုးသမီးငယ်များအခြားအသက်မွေး ကျောင်းလုပ်ငန်းလုပ်ကိုင် ရန် အတက်ပညာမရှိခြင်း | လုပ်အား စိုက်ထုတ် နိုင်ခြင်း | ငွေကြေး မလုံ လောက်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်း များတက်ရောက်လိုခြင်း |
| ၈ | ငွေကြေးအရင်းအနှီးများ လိုအပ်ခြင်း | ကျေးရွာတွင်းရှိ အိမ်ထောင်စုများ မိသားစုလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ရာတွင် ငွေကြေးအရင်းအနှီး မလုံလောက်ခြင်း | စီးပွားရေး လုပ်ငန်း လုပ်ကိုင်ရာ တွင် အခွင့်အလမ်း များ ရှိခြင်း | စီးပွားရေးလုပ် ငန်း များရှိ သော်လည်း ငွေကြေး အရင်းအနှီး ထပ်မံလို အပ်ခြင်း | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | မြစိမ်းရောင်ကျေးရွာစီမံ ကိန်း ရရှိလိုခြင်း |

နောက်ဆက်တွဲ(၄)

**မြောက်လက်ကုန်း**ကျေးရွာ၏ နှစ်အလိုက် ဦးစားပေးလုပ်ငန်းလျာထားချက်

| စဉ် | စီမံချက်အမည် | ဦးစားပေး အဆင့် | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁။ | ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း | ၁ | J | | | | |
| ၂။ | ကျေးရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း | ၂ | | J | | | |
| ၃။ | မြောက်လက်ကုန်းကျေးရွာ နှင့် ဖြူချောင်းကျေးရွာတို့ အားဆက်သွယ်ထားသော ကျေးရွာခြင်းဆက် ကျောက်ချောလမ်းခင်းခြင်း | ၃ | | | J | | |
| ၄။ | ကျောင်းအုတ်တံတိုင်းကာရံခြင်း | ၄ | | | | J | |
| ၅။ | ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်း | ၅ | | | | | J |
| ၆။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၆ | | | | | J |
| ၇ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း တက်ရောက်လိုခြင်း | ၇ | | | | | J |
| ၈ | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိလိုခြင်း | ၈ | | | | | J |